## ရှာဖွေတွေ့ရှိခြင်း
## လမ်းညွှန် (၇)
# သင်၏ ရှေ့ရေး

ဆရာဝန်ကြီးပက်ထရေးရှားနှင့် ဒေးဗတ်မရာဇတ်သည် သူတို့၏လုပ်ငန်းတွင် စိတ်ထိခိုက်စရာကောင်းသော ဗဟုသုတအများရှိခဲ့ပါသည်။ ကလေးပါရဂူအဖြစ် ကလေးမြောက်မြားစွာကုသခဲ့ပါသည်။ အချို့ကလေးများမှာ ကျန်းမာလာသည်။ အချို့ကလေးများမှာ သေဆုံးသွားပါသည်။ ဘာဖြစ်လို့ဤကဲ့သို့အခြေအနေမျိုးရှိရပါသလဲ။ အချို့ကလေးများကို ဆေးရုံသို့ပို့ရသည်။ အချို့ကလေးများမှာ ကောလိပ်သို့ပို့ရသည်။ အချို့ကလေးများမှာ ထိန်းကွပ်မည့်သူမရှိပါ။ ၎င်းပြင် ကြီးပြင်းလာသောအခါ သူတို့ကိုလည်းမထိန်းကွပ်နိုင်ပါ။ အချို့ကလေးဆိုးများသည် မိဘဆိုးများဖြစ်လာသကဲ့သို့ အချို့ကလေးကောင်းများသည်လည်း မိဘကောင်းများဖြစ်လာသည်။ အဘယ်ကြောင့် ဤကဲ့သို့ဖြစ်ရသနည်း။ ဆရာကြီးမရာဇတ်သည် ဤအကြောင်းရင်းများနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် သုတေသနပြုခဲ့ပါသည်။ ဤကဲ့သို့သုတေသနပြုရာ၌ ထူးဆန်းသောရှာဖွေတွေ့ရှိမှုတစ်ခုမှာ ကလေးဘဝကအခက်အခဲဒုက္ခနှင့်ရင်ဆိုင်ရသော်လည်း လူကြီးဘဝရောက်သောအခါတွင် ကောင်းမွန်သာယာသောအိမ်ထောင်နှင့် ပတ်ဝန်းကျင်ကိုတည်ထောင်နိုင်သည်။ ၎င်းသော့ချက်မှာ အခြေခံအသက်တာတွင် အကောင်းမြင်၍ မျှော်လင့်ခြင်းကြီးသောကြောင့် ဖြစ်သည်။ မျှော်လင့်ခြင်းသည် လူ၏စိတ်သဘောနှင့်ပတ်ဝန်းကျင်ကိုပြောင်းလဲပေးနိုင်သည်။ မျှော်လင့်ခြင်းသည် အခြားသောအရာများထက် လူတစ်ယောက်၏ဖိစီးမှုအပေါ် မှန်သောအတွေးအခေါ်နှင့်အမြင်ကိုပြသည်။ လူသားများသည်မရှိမဖြစ်သောမျှော်လင့်ခြင်းလိုသည်။ မည်ကဲ့သို့ရနိုင်မည်နည်း။ ဤလောကတွင် မည်ကဲ့သို့ရှာမည်နည်း။ ကျမ်းစာ၏အနာဂတ်ဆန်းစစ်ခြင်းအားဖြင့် ရှာဖွေတွေ့ရှိနိုင်သည်။ ကျမ်းစာတွင် အနာဂတ်စကားအားဖြင့် တောက်ပြောင်သောမျှော်လင့်ခြင်းရရှိသောသူမြောက်မြားစွာရှိသည်။

### ၁။ ထူးဆန်းနက်နဲသောကျမ်းစာ၏အနာဂတ်စကား

ခရစ်တော်သက်တော်မထင်ရှားမီ နှစ်ပေါင်း (၅၀၀) ခန့်က အံ့သြလောက်သောအနာဂတ်စကားကို ပုရောဖက်ဒံယေလအားပေးခဲ့ပါသည်။ ဘုရားသခင်သည် ကမ္ဘာ့ရာဇဝင်ကြီး၏မာတိကာများကို သတ်မှတ်ချထားခဲ့ပါသည်။ အချိန်အားဖြင့် ဒံယေလအချိန်အခါမှစ၍ နှစ်ပေါင်း (၂၅၀၀) အတွင်း ယခုလက်ရှိအချိန်အထိသတ်မှတ်ထားပါသည်။ ၎င်းအနာဂတ်စကားတွင် ဘုရားသခင်သည် ဗာဗုလုန်မင်းကြီးဖြစ်သော နေဗုခဒ်နေဇာမင်းအား လွှန်ခဲ့သော

နှစ်ပေါင်း (၂၅၀၀) ခန့်က ဖေါ်ပြခဲ့ပါသည်။ ထိုအိပ်မက်ကိုမြင်မက်သောအခါ စိတ်ကိုချောက်ချားစေ၍ အိပ်မက်အနက်ကိုလည်း မေ့ပျောက်သွားစေခဲ့ပါသည်။ ဗာဗုလုန်ပြည်ရှိ ပညာရှိအပေါင်းတို့သည် ထိုအိပ်မက်ကို သတိရရန်ကြိုးစားသော်လည်းမရပါ။ ဟေဗြဲလူငယ်ဖြစ်သော ဒံယေလသည် ထိုဖေါ်ပြမှုမြင်ကွင်းကို ဘုရင်မင်းမြတ်အား ထူးဆန်းစွာဖေါ်ပြခဲ့ပါသည်။ "အရှင်မင်းကြီးစက်တော်ခေါ်၍ မြင်မက်တော်မူသောမြင်ခြင်းဟူမူကား၊ ကိုယ်တော်သည်ကြည့်ရှု၍ ရုပ်တုကြီးကိုမြင်တော်မူ၏။ ထူးမြတ်သောအရောင်အဝါနှင့်ပြည့်စုံ၍ ကြီးမြင့်သောထိုရုပ်တုသည် ကြောက်မက်ဖွယ်သောပုံသဏ္ဍာန်ကိုဆောင်လျက် ကိုယ်တော်ရှေ့၌တည်ရှိ၏။ သူ၏ဦးခေါင်းသည် ရွှေစင်ဖြစ်၏။ ရင်ဘတ်နှင့်လက်နှစ်ဖက်သည် ငွေဖြစ်၏။ ဝမ်းနှင့်ပေါင်နှစ်ဖက်သည် ကြေးဝါဖြစ်၏။ ခြေသလုံးနှစ်ဖက်သည် သံဖြစ်၏။ ခြေဖဝါးနှင့်ဖမိုးသည် သံတစ်ပိုင်းသရွတ်တစ်ပိုင်းဖြစ်၏။ ကိုယ်တော်သည် ကြည့်ရှုတော်မူစဉ် လက်ဖြင့်မထုမလုပ်ဘဲ အလိုလိုဖြစ်သောကျောက်တစ်လုံးသည် သံနှင့်သရွတ်ဖြစ်သောရုပ်တု၏ခြေကိုထိခိုက်၍ ချိုးဖဲ့သည်ရှိသော် သံ၊ သရွတ်၊ ကြေးဝါ၊ ငွေ၊ ရွှေ တို့သည်ကျိုးပဲ့ကြေမွလျက် နွေကာလ၌ ကောက်နယ်တလင်းအမှုန့်ကဲ့သို့ဖြစ်သဖြင့် လေတိုက်လွင့်၍ သူတို့နေရာမရှိ၊ ပျောက်လေ၏" (ဒံယေလ ၂း၃၁–၃၅)။ ဤရုပ်တုသည် အနက်ကား၊ လက်ရှိအချိန်အခါအတွက် အနာဂတ်စကားဖြစ်ကြောင်း၊ မဖြစ်ကြောင်း မထင်ရှားပါ။ သို့ရာတွင် ဆက်လက်လေ့လာပါ။

## ၂။ အနာဂတ်စကား၏အနက်ပြန်ခြင်း

အလွန်စိတ်ပါဝင်စားစရာကောင်းသောရုပ်တုကြီး၏အနက်ကို ပုရောဖက်ဒံယေလရှင်းပြပါသည်။ "ယခုတွင် အိပ်မက်တော်၏အနက်ကိုဖေါ်ပြ၍ နားတော်လျှောက်ပါမည်။ အရှင်မင်းကြီးကိုယ်တော်သည် ဘုရင်တို့၏ဘုရင်ဖြစ်တော်မူ၏။ ကောင်းကင်ဘုံရှင်ဘုရားသခင်သည် နိုင်ငံနှင့်တကွ အာနုဘော်အစွမ်းသတ္တိဘုန်းအသရေကို ကိုယ်တော်အားပေးတော်မူပြီ။" (ဒံယေလ ၂း၃၆၊ ၃၇)။ ဒံယေလဆိုလိုသည်မှာ– ယခုအုပ်ချုပ်လျက်ရှိသောကမ္ဘာပေါ်တွင် အကြီးဆုံးနိုင်ငံသည် ဗာဗုလုန်ပြည်အရှင်နေဗုခဒ်နေဇာမင်းကြီးဖြစ်ကြောင်း၊ အရှင်မင်းကြီးသည် ရွှေဦးခေါင်းကိုပုံဆောင်ထားကြောင်း၊ ရင်ဘတ်နှင့်လက်မောင်းများမှာ ငွေဖြစ်၏။ ၎င်းရှုထောင့်တွင် ရွှေနိုင်ငံဖြစ်သော ဗာဗုလုန်သည်အမြဲတည်ရှိမည်ဟုယုံရသော်လည်း နောက်မင်းတစ်ပါးပေါ်ဦးမည်။ "ကိုယ်တော်နောက်၌ ကိုယ်တော်၏နိုင်ငံလောက်မမြတ်သောနိုင်ငံတစ်ခုသည်တည်ထောင်လိမ့်မည်။ ထို့နောက် မြေကြီးတစ်ပြင်လုံးကိုအုပ်စိုးသော ကြေးဝါနိုင်ငံတည်းဟူသော တတိယနိုင်ငံတည်ထောင်လိမ့်မည်" (ဒံယေလ ၂း၃၉)။ ဘုရားသခင်၏ကြိုတင်တရားဟောချက်ပြည့်စုံလာသောအခါ ပါရှားစစ်သူကြီးကုရုသည် ဗာဗုလုန်နိုင်ငံတော်ကြီးကို ဘီစီ–၅၃၉ ခုနှစ်တွင် အောင်မြင်နိုင်နင်းခဲ့ပါသည်။ ထိုရင်ဘတ်နှင့်လက်မောင်းဖြစ်သောငွေသည် မေဒိပေရသိနိုင်ငံဖြစ်၍ အလွန်ခွန်အားကြီးသောကမ္ဘာ့နိုင်ငံကြီးဖြစ်သည်။ ရုပ်တုကြီး၏ပေါင်နှင့်ခါးဖြစ်သောကြေးဝါသည် မည်သည့်နိုင်ငံကိုပုံဆောင်ထားသနည်း။ ထို့နောက် မြေကြီးတစ်ပြင်လုံးကိုအုပ်စိုးသောကြေးဝါနိုင်ငံကြီးဟူသော တတိယနိုင်ငံတည်ထောင်လိမ့်မည်။ (ဒံယေလ ၂း၃၉) ဝမ်းဗိုက်၊ ပေါင်ဖြစ်သောကြေးဝါသည် ဟေလသနိုင်ငံကိုပုံဆောင်သည်။ ဟေလသဘုရင်ဖြစ်သော အလက်ဇန္ဒာသည် မေဒိပေရသိနိုင်ငံကို ဘီစီ–၃၃၁ ၌အောင်မြင်၍ ၁၆၈ ဘီစီအထိအုပ်ချုပ်ခဲ့လေသည်။ သံဖြစ်သောခြေထောက် "စတုတ္ထနိုင်ငံသည် သံကဲ့သို့ခိုင်မာသောနိုင်ငံဖြစ်လိမ့်မည်။ သံသည် အခြားသောအရာရှိသမျှတို့ကိုချိုးဖဲ့၍နိုင်သကဲ့သို့ စတုတ္ထနိုင်ငံသည် ချိုးဖဲ့နှိပ်စက်ခြင်းကိုပြုလိမ့်မည်" (ဒံယေလ ၂း၄၀)။ အလက်ဇန္ဒားနတ်ရွာစံပြီးနောက် သူ၏

နိုင်ငံသည်ပြိုကွဲ၍ ၁၆၈ ဘီစီတွင် ပစ်နာစစ်ပွဲတွင် သံနိုင်ငံတည်းဟူသော ရောမနိုင်ငံသည် ဟေလသနိုင်ငံကို ချေမှုန်းလိုက်သည်။ ကဲသာဘုရင်ဩဂုတ်(စ်)တတ်(စ်)သည် ရောမနိုင်ငံကြီးကိုအုပ်စိုးသောအချိန်တွင် ခရစ်တော် သက်တော်ထင်ရှားခဲ့ပါသည်။ (လုကာ ၂း၁)။ ခရစ်တော်နှင့် မိမိတမန်တော်တို့နေထိုင်သောအချိန်သည် ရုပ်တုကြီး၏ ခြေထောက်ဖြစ်သော သံနိုင်ငံဖြစ်ပါသည်။ ဂေဗန် ၁၈ဝဝ ရာစုရာဇဝင်ဆရာကြီးသည် ဒံယေလပုရောဖက်စကား၏ အကြောင်းကိုရေးသားခဲ့သည်မှာ “ရွှေရုပ် (သို့မဟုတ်) ငွေရုပ် (သို့မဟုတ်) ကြေးဝါရုပ်နိုင်ငံတော်၏မင်းများကို ပုံဆောင်ထားကြောင်း နောက်ဆုံးတွင် သံဘုရင်ရောမမင်းကချေမှုန်းဖျက်ဆီးခဲ့သည်ကိုသိရပါသည်။ ဤအနာဂတ်စကား များကိုစဉ်းစားကြည့်လျှင် ဗာဗုလုန်အချိန်ကနေခဲ့သောပုရောဖက်ဒံယေလသည် တစ်မင်းပြီးလျှင်တစ်မင်း (၄) မင်းဆက်တိုက်သံနိုင်ငံဖြစ်သော ရောမမင်းအချိန်အထိ ဟောကြားခဲ့သည်မှာ အနာဂတ်စကား၏လေးနက်သော အရာများဖြစ်ကြောင်းသိရသည်။ ဘုရားသခင်သည် အနာဂတ်ကာလကိုချုပ်ထိန်းထားပါသလား။ ဘုရားသခင်သည် ဤကြီးမြတ်သောအကြံအစည်ကို ယုံကြည်မျှော်လင့်နိုင်ပါသလား။ အဖြေမှာ ဟုတ်မှန်ပါကြောင်းဝန်ခံရပါမည်။ သံနှင့်သရွတ်ရောသောခြေထောက်နိုင်ငံသည် ရောမခေတ်ကုန်ပြီးသည့်အချိန်အခါတွင်ပေါ်ပေါက်မည်ဖြစ်ပါသည်။ “ရုပ်တု၏ခြေနှင့်ခြေချောင်းတို့သည် သရွတ်တစ်ပိုင်း၊ သံတစ်ပိုင်းရှိသည်ကိုမြင်တော်မူသည်အတိုင်း အချင်းချင်းကွဲပြား သောနိုင်ငံဖြစ်လိမ့်မည်။ သို့သော်လည်း ဖုတ်သောသရွတ်နှင့်သံရောနှောသည်ကိုမြင်တော်မူသည်ဖြစ်၍ သံသည်ခိုင်မာ ခြင်းသတ္တိရှိလိမ့်မည်။ ခြေချောင်းတို့သည် သံတစ်ပိုင်း၊ သရွတ်တစ်ပိုင်းဖြစ်သည်နှင့်အညီ နိုင်ငံသည်ခိုင်မာခြင်းနှင့် လည်းကောင်း၊ ကျိုးပဲ့ခြင်းနှင့်လည်းကောင်း ဆက်ဆံလိမ့်မည်” (ဒံယေလ ၂း၄၁၊ ၄၂)။ ပုရောဖက်၏အနာဂတ်စကားအရ၊ ပဥ္စမမြောက်ကမ္ဘာ့နိုင်ငံကြီးမဟုတ်ဘဲ ရောမနိုင်ငံပြိုကွဲသဖြင့် ခြေချောင်း (၁၀) ချောင်းကဲ့သို့ (၁၀) နိုင်ငံဖြစ်ပေါ်လာပါသည်။ ဤကဲ့သို့အမှန်တကယ်ဖြစ်ပေါ်လာပါသလား။ ရာစု ၄ နှင့် ၅ အချိန်တွင် မြောက်အရပ်မှလူရိုင်းများတို့သည် တစ်ချိန်ပြီးတစ်ချိန်ပြိုကွဲပျက်စီးနေသောရောမနိုင်ငံကိုအောင်မြင်ကာ ယခုအချိန်အခါဥရောပနိုင်ငံများမှ နိုင်ငံ (၁၀) နိုင်ငံပေါ်ပေါက်ခဲ့ပါသည်။ ခြေချောင်း (၁၀) ချောင်းမှာ အဓိက လူမျိုးစုကြီး (၁၀) စု၊ ရောမနိုင်ငံ၏နောက်ပိုင်း တွင်ပေါ်ပေါက်ပါသည်။ ထိုနိုင်ငံ (၁၀) နိုင်ငံမှာ အင်္ဂလန်၊ ပြင်သစ်၊ အီတလီ၊ အော်စထရိုဂေါ့သ် (နောက်ပိုင်းတွင် ပျက်စီးသွားသည်)၊ စပိန်နိုင်ငံ၊ ဆွစ္စလန်နိုင်ငံ၊ မြောက်အာဖရိက (နောက်ပိုင်းတွင်ပျက်စီးသွားသည်)၊ ပေါ်တူဂီနိုင်ငံ၊ ဟာရိုလီ (လွန်ခဲ့သောနှစ်ပေါင်းများစွာကတိမ်မြုပ်သွားပါသည်)။

## ၃။ ကျမ်းစာအနာဂတ်စကားမှ ကျွန်ုပ်တို့၏အချိန်နေ့ရက်

ဒံယေလ၏အနာဂတ်စကားအရ၊ ဤနိုင်ငံများအား အုပ်ချုပ်သူတစ်ဦးတည်း၏လက်အောက်တွင်ထားရှိမည် လား “ဖုတ်သောသရွတ်နှင့် သံရောနှောသည်ကိုမြင်တော်မူသည်နှင့်လျော်ညီစွာ နိုင်ငံသားတို့သည် အခြားသော လူမျိုးသားတို့နှင့်ပေါင်းဖော်ကြလိမ့်မည်။ သို့သော်လည်း သရွတ်နှင့်သံမရောနှောနိုင်သကဲ့သို့ သူတို့သည် အချင်းချင်း ပေါင်းဖော်၍မသင့်နိုင်ကြ” (ဒံယေလ ၂း၄၃)။ အကြိမ်အခါပေါင်းများစွာတန်ခိုးခွန်အားရှိသောလူအများတို့သည် ဥရောပနိုင်ငံများကိုပူးပေါင်းရန်ကြံစည်သော်လည်း မအောင်မြင်ခဲ့ပါ။ နပိုလီယန်ကိုယ်တိုင် ကွဲပြားနေသောဥရောပ နိုင်ငံများကိုပူးပေါင်းရန်ကြံစည်သောသူများတို့တွင် အအောင်မြင်ဆုံးနှင့်အထိရောက်ဆုံးစစ်သူကြီးနှင့်မင်းဖြစ်သော်လည်း ဝါထားလူးစစ်မြေပြင်တွင်အရေးနိမ့်ကာ အရှုံးပေးခဲ့ရပါသည်။ သူ၏နောက်ဆုံးစကားမှာ “ထာဝရဘုရားသခင်သည်

ငါ၏အတွက်အလွန်မှုပင်ကြီးမြတ်တော်မူသည်။ ကိုင်ဇာဝေဟင်(မ်)နှင့် အဒေါ့ဟစ်တလာတို့သည် ကမ္ဘာပေါ်တွင် အများဆုံးစစ်သူရဲတို့ကိုစည်းရုံးကာ အကျယ်ပြန့်ဆုံးစစ်မြေပြင်ကိုထိန်းချုပ်နိုင်သော်လည်း နောက်ဆုံးတွင်ရှုံးနိမ့်ပျက်စီးကြလေသည်။ အကြောင်းမှာ ထာဝရဘုရားသခင်၏စကားအရ၊ လူတို့သည်ပူးပေါင်း၍မရ၊ ကွဲပြားကြလိမ့်မည်။" ထို့ကြောင့် ကမ္ဘာ့စစ်ပွဲကြီးဖြစ်သော ပထမနှင့်ဒုတိယစစ်ပွဲကြီးများကို ထာဝရဘုရားသခင်သည် မိမိ၏လက်တော်ဖြင့်ထိန်းချုပ်ထားကြောင်းကို နောက်ဆုံးတွင်သိရလေသည်။ ဤအချက်များကိုထောက်ရှု၍ ကျွန်ုပ်တို့အား ဘုရားသခင်ပေးသောစိတ်၏မျှော်လင့်ခြင်း၊ ငြိမ်သက်ခြင်းနှင့်ကိုးစားခြင်းတို့ကို ကျွန်ုပ်တို့အတွက်စီစဉ်ထားကြောင်း သိရသည်။

## ၄။ အနာဂတ်အချိန်ကိုထောက်ရှုခြင်း

ဒံယေလ၏အနာဂတ္တိစကားတစ်ခုသာပြည့်စုံရန်လိုပေတော့သည်။ ရုပ်တုကြီးကိုချေမှုန်းသည့်ကျောက်၏အနက်သည်မည်သည့်အရာဖြစ်သနည်း။ ထိုကျောက်သည် တောင်ကြီးဖြစ်၍ တစ်ကမ္ဘာလုံးပြည့်လျှံသွားသည်ဟုဆိုသည်မှာ မည်သည့်အရာနည်း။ "လက်နှင့်မထုမလုပ်ဘဲ ကျောက်တစ်လုံးသည် တောင်ပေါ်ကအလိုလိုပဲ့ကွာ၍ သံ၊ ကြေးဝါ၊ သရွတ်၊ ငွေ၊ ရွှေတို့ကိုချိုးဖဲ့သည်ကိုမြင်တော်မူသည့်အကြောင်းအရာမှာ ပျက်စီးခြင်းသို့မရောက်နိုင်သောနိုင်ငံတစ်ခုကို ထိုမင်းကြီးများလက်ထက်၌ ကောင်းကင်ဘုံရှင်ဘုရားသခင်သည် တည်ထောင်စေတော်မူမည်။ "ထိုနိုင်ငံသည် အခြားသောလူမျိုးလက်သို့မရောက်ရဘဲ အထက်ဆိုပြီးခဲ့သောနိုင်ငံရှိသမျှတို့ကိုချိုးဖဲ့ဖျက်ဆီး၍ အစဉ်အမြဲတည်လိမ့်မည်" (ဒံယေလ ၂း၄၄၊ ၄၅)။ ထိုမင်းများဟုဆိုလိုချက်မှာ ခြေချောင်းများကိုပုံဆောင်သောမင်းများဖြစ်သည်။ ထိုမင်းများသည် ဥရောပနိုင်ငံများတွင် ယနေ့အထိထင်ရှားနေဆဲမင်းများဖြစ်သည်။ ကျောက်တုံး၊ လူလက်ဖြင့်မဖြတ်သောကျောက်သည် ထိုရုပ်တုအားချိုးချေကာ အမှုန့်ဖြစ်စေမည်။ တစ်ကမ္ဘာလုံးကိုလည်းပြည့်စေ၏။ (၂း၃၄၊ ၃၅၊ ၄၅)။ မကြာမီခရစ်တော်သည် ဤလောကသို့ကြွလာ၍ မိမိ၏နိုင်ငံကိုတည်ထောင်မည်ဖြစ်သည်။ သူ၏နိုင်ငံသည် ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်းနှင့်ပြည့်မည်။ ထို့နောက် ခရစ်တော်တည်းဟူသောကျောက်သည် ကမ္ဘာ့အဆက်ဆက်မင်းတို့၏မင်းဖြစ်၍ ထာဝရကာလတိုင်အောင်အုပ်စိုးတော်မူမည်။ ဒံယေလ၏အနာဂတ်စကားသည် နောက်ဆုံးတစ်ခုမှအပ ပြည့်စုံခဲ့ပြီ။ ရုပ်တုကြီးကိုချေမှုန်းသောကျောက်တုံးကြီးသာကျန်တော့သည်။ ဘုရားသခင်၏စံတော်ချိန်အရ၊ ကျွန်ုပ်တို့သည် နောက်ဆုံးသောကာလ၌ရောက်ရှိနေကြောင်း၊ ခရစ်တော်ဘုရားသခင်သည် မကြာမီပြန်လာတော့မည်ဖြစ်ကြောင်းနှင့် စာတန်နတ်ဆိုးနှင့်ဆင်နွှဲသောတိုက်ပွဲသည် အဆုံးသတ်တော့မည်ဖြစ်၍ ထာဝရမေတ္တာနှင့်ကျေးဇူးတရားနိုင်ငံကိုတည်ထောင်တော့မည်ဖြစ်ပါသည်။

## ၅။ သင်နှင့်ဘုရင်၏အိပ်မက်ခြင်း

အနာဂတ်စကားတွင် တိုင်းပြည်တစ်ပြည်ပေါ်ပေါက်၍ ကျဆုံးမည့်အခြေအနေများကိုထိန်းချုပ်သောသူသည် ထာဝရဘုရားသခင်ပေတည်း။ ထာဝရဘုရားသခင်သည် အတိတ်ကအခြေအနေကိုသိသကဲ့သို့ အနာဂတ်၏ဖြစ်ပျက်မည့်အရာများကိုသိရှိနားလည်ထားပါသည်။ အကယ်၍ ဘုရားသခင်သည် တိုင်းနိုင်ငံများတို့၏ကံကြမ္မာများကို

တိကျသေချာစွာဖန်တီးနေကြောင်းကိုသိသောကြောင့် တစ်ဦးစီတို့၏အသက်တာကိုလည်းပြင်ဆင်နေကြောင်း သိနိုင်သည်။ ခရစ်တော်၏စိတ်ချလောက်သောစကားဟူမူကား "သင်တို့ဆံပင်သည်လည်း အကုန်အစင်ရေတွက်လျက်ရှိ၏။ ထို့ကြောင့် မကြောက်ကြနှင့်။ သင်တို့သည် စာငှက်အများတို့ထက်သာ၍မြတ်ကြ၏" (မဿဲ ၁၀း၃၀၊ ၃၁)။ ဘုရားသခင်ပေးသောယုံကြည်ခြင်းဆုကျေးဇူးသည် စိတ်သောကနှင့်ကြောက်ရွံ့ခြင်းကိုတွန်းလှန်နိုင်သောခံနိုင်ရည်ဖြစ်လာသည်။ ကျွန်ုပ်တို့၏မျှော်လင့်ခြင်းကိုအားပေး၍ အသက်တာ၏ကျောက်ဆူးဖြစ်လာသည် (ဟေဗြဲ ၆း၁၉)။ ၁၆၀၀ ရာစုပညာရှင်အီရာမုဖ်(စ်)ပြောပြခဲ့သော ပင်လယ်ခရီးတစ်ထောက်အကြောင်းသည် သူတို့၏တစ်သက်လုံးအတွက်မမေ့နိုင်ပါ။ သူ၏သင်္ဘောသည် မုန်တိုင်းကြောင့်သောင်တင်သွားသည်။ ထိုအချိန်အခါ၌ ပြင်းသောလေကြောင့်သင်္ဘောကြီးအားရိုက်ချိုးနေသလိုဖြစ်၏။ ထိုအဖြစ်အပျက်ကိုမြင်သောသင်္ဘောသားတို့သည် ကြောက်ရွံ့တုန်လှုပ်ခဲ့ကြသည်။ ခရီးသည်များမှာငိုသူငို၊ အော်သူအော်ဖြစ်ကာ စိတ်ချောက်ချားကုန်ကြ၏။ များသောလူတို့သည် မိမိကိုးကွယ်သောသူတော်စင်များကိုအကူအညီတောင်းကြသည်။ သီချင်းဆိုကြသည် (သို့တည်းမဟုတ်) ကျယ်လောင်သောအသံဖြင့် ဆုတောင်းကြသည်။

အီရာမုဖ်(စ်)သတိပြုမိသောခရီးသည်တစ်ဦးမှာ အခြားသူများနှင့်ခြားနားလှသည်။ ထိုပုဂ္ဂိုလ်မှာ ငြိမ်သက်သာယာစွာဖြင့်ထိုင်ကာ စိတ်ချလက်ချဖြင့် မိမိ၏ကလေးငယ်ကိုနို့တိုက်လျက်ရှိ၏။ သူတစ်ဦးတည်းသာလျှင် အော်ဟစ်ခြင်းမပြု၊ ငိုကြွေးခြင်းမပြု၊ ဘုရားသခင်ထံတော်မှလည်း အချီအချစကားဖြင့် တောင်းဆိုကတိပြုခြင်းမရှိ၊ သူမသည် မလှုပ်မယှက်ဘဲ၊ မအော်မဟစ်ဘဲ ငြိမ်သက်သာယာစွာကလေးငယ်ကိုဖက်ကာဆုတောင်း၏။ ဤဆုတောင်းခြင်းသည် အီရာမုဖ်(စ်)နောက်ပိုင်းတွင်သိရသည်မှာ သူမသည်အချိန်မှန်အမြဲတစေဆုတောင်းခဲ့သူဖြစ်၏။ သူမသည် မိမိကိုယ်စိတ်နှစ်ဖြာကို ဘုရားသခင်အားအပ်နှံသောသူဖြစ်၏။ သင်္ဘောသည် နစ်စပြုသောအခါ မိခင်ကိုသစ်ပြားပေါ်သို့တင်ကာ သစ်သားအပိုတစ်ခုပေး၍ လှော်တက်အဖြစ်အသုံးပြုစေသည်။ ပြီးသည့်နောက် လှိုင်းလုံးထဲသို့တွန်းထုတ်လိုက်လေသည်။ သူမသည် လက်တစ်ဖက်ဖြင့် ကလေးကိုချီကာ ကျန်လက်တစ်ဖက်ဖြင့် သစ်သားပြားကိုလှော်တက်အဖြစ်အသုံးပြုရသည်။ များသောသူတို့၏ထင်မြင်ချက်မှာ ဤအမျိုးသမီးအသက်ရှင်နိုင်ရန် အနည်းဆုံးအခွင့်အရေးရှိသည်ဟုဝေဖန်ကုန်ကြသည်။ သို့ရာတွင် သူမ၏ယုံကြည်ခြင်းနှင့် စိတ်တည်ငြိမ်မှုသည် အကောင်းဆုံးခံနိုင်ရည်ဖြစ်လာသည်။ ထိုအမျိုးသမီးနှင့် သူ၏ကလေးငယ်သည် ပထမဆုံးကမ်းပေါ်သို့တက်သောသူဖြစ်သည်။ မျှော်လင့်ခြင်းသည် သူ၏ခြားနားမှုကိုပြုပြင်ပေးနိုင်သည်။ ကမ္ဘာကြီးသည် ကျွန်ုပ်တို့၏ပတ်ဝန်းကျင်တွင် ပြိုကွဲပျက်စီးနေသော်လည်း ဘုရားသခင်၌မျှော်လင့်သောသူသည် ခိုလှုံရာရှိ၏။ ထိုပင်လယ်ထဲတွင်လှော်နေသူသည် ကျွန်ုပ်သာမဟုတ်ပါ။ ကျွန်ုပ်ထက်သန်စွမ်းသောလက်နှင့်ခွန်အားသည် ကျွန်ုပ်တို့ကိုလုံခြုံစေသည်။ သင်သည်အကယ်၍ မိမိကိုယ်စိတ်နှစ်ဖြာကိုအပ်နှံကာ ခရစ်တော်ထံသို့လာလျှင် သူသည် သင့်အားခိုင်မာသောယုံကြည်ခြင်းတည်းဟူသောအောင်မြင်ခြင်းကိုပေး၍ အပြစ်နှင့်သွေးဆောင်ခြင်းတည်းဟူသော လေ၊ လှိုင်းကိုကောင်းမွန်စွာအောင်နိုင်စေမည်။ ဘုရားသခင်၏ဘုန်းတန်ခိုးတော်နှင့်ပြည့်သော ခရစ်တော်ပေးသည့်ကတိနှင့်ငြိမ်သက်ခြင်းကိုသင်ရှာဖွေတွေ့ရှိနိုင်ပါစေ။ "ငြိမ်သက်ခြင်းကို သင်တို့၌ငါထား၏။ ငါ၏ငြိမ်သက်ခြင်းကို သင်တို့အားငါပေး၏။ လောကသားတို့ပေးသကဲ့သို့ ငါပေးသည်မဟုတ်။ သင်တို့စိတ်နှလုံးပူပန်ခြင်း၊ စိုးရိမ်တုန်လှုပ်ခြင်းမရှိစေနှင့်"

၅၄

(ယောဟန် ၁၄း၂၇)။ သင်သည် ထိုငြိမ်သက်ခြင်းကိုရရှိပြီလား။ ရရှိခဲ့လျှင် ခရစ်တော်အားကျေးဇူးတင်ပါ။ သူသည် သင်၏ကယ်တင်ရှင်ဖြစ်သည်။ အကယ်၍ သင်သည်သခင်ခရစ်တော်ကိုကယ်တင်ရှင်အဖြစ်မရသေးပါက ဘာကြောင့် သူ့အားယခုမဖိတ်ခေါ်ပါသလဲ။

–၀–

## ရှာဖွေတွေ့ရှိခြင်းလမ်းညွှန် (၇) အဖြေလွှာ
## သင်၏ရေ့ရေး

မှန်သောစာကြောင်းရှေ့တွင်ကြက်ခြေခတ် (x) ပေးပါ။

၁။ ဒံယေလအခန်းကြီး (၂) ရှိရုပ်တုကြီး၏အနာဂတ်စကား–

------ နှစ်ပေါင်း ၂၅၀၀ ကိုကမ္ဘာ့ရာဇဝင်တွင်ကြိုတင်ဟောထားပါသည်။

------ နှစ်ပေါင်း ၂၅၀၀ ၏ကမ္ဘာ့ရာဇဝင်တွင် စောစောပိုင်းအဖြစ်အပျက်များကိုပြန်လည်သုံးသပ်ပါ။

၂။ ရုပ်တုကြီး၏ခေါင်းသည် ရွှေဖြစ်၍ ကမ္ဘာ့နိုင်ငံကိုပုံဆောင်ထားသည်။

------ အာရှုရိနိုင်ငံသည် ဘုရင်နေဘိုပိုလားဆာအုပ်စိုးသည်။

------ ဗာဗုလုန်တိုင်းပြည်ကြီးကို နေဗုခဒ်နေဇာမင်းအုပ်စိုးသည်။

ရုပ်တုကြီး၏ရင်ဘတ်နှင့်လက်သည် ငွေကိုပုံဆောင်သည်။

------ ကမ္ဘာ့နိုင်ငံဖြစ်သော မေဒိပေရသိနိုင်ငံသည် ၅၃၉–၃၃၁ ဘီစီအုပ်ချုပ်သည်။

------ အဲဂုတ္တုပြည်သည် ကမ္ဘာ့နိုင်ငံဖြစ်၍ ဘီစီ ၅၃၉–၃၃၁ ထိအုပ်စိုးသည်။

ရုပ်တုကြီး၏ပေါင်ဖြစ်သောကြေးဝါသည် ကမ္ဘာ့နိုင်ငံကိုပုံဆောင်သည်။

------ ဟေလသကမ္ဘာ့နိုင်ငံတော်သည် ဘီစီ ၃၃၁–၁၆၈ ထိအုပ်ချုပ်သည်။

------ ရောမကမ္ဘာ့နိုင်ငံသည် ဘီစီ ၁၆၈ မှ အေဒီ ၄၇၆ ထိအုပ်ချုပ်သည်။

ရုပ်တုကြီး၏ခြေဖျားသည် သံနှင့်သရွတ်ရောစပ်သည်။

------ ကွဲပြားသွားပြီးသောရောမ၏နိုင်ငံသည် ၄၇၆ အေဒီမှ ယနေ့အထိဖြစ်ပါသည်။

------ အမည်မတပ်သောကမ္ဘာ့နိုင်ငံ (၅) နိုင်ငံ၊ တစ်နိုင်ငံသည်မပေါ်ပေါက်သေးပါ။

၃။ သံနှင့်သရွတ်ရောထားသောရုပ်တုကြီး၏ခြေဖဝါး

------ အဓိပ္ပါယ်မှာ ဥရောပနိုင်ငံသည် ပြန်စည်းရုံး၍ တန်ခိုးကြီးသောကမ္ဘာ့နိုင်ငံဖြစ်လာမည်။

------ အဓိပ္ပါယ်မှာ ခေတ်သစ်ဥရောပနိုင်ငံပူးပေါင်း၍မနေပါ။

၄။ ရုပ်တုကြီး၏ခြေဖဝါးကို ထိမှန်သောကျောက်တုံးကြီးသည် ရုပ်တုကြီးတစ်ခုလုံးအား အမှုန့်ဖြစ်အောင်ကြိတ်ပစ်မည်။

------ အဓိပ္ပါယ်မှာ ကြွလာမည့်ခရစ်တော်၏နိုင်ငံကိုတည်ထောင်ရန်ဖြစ်သည်။

------ အဓိပ္ပါယ်မှာ တတိယကမ္ဘာစစ်ကြီးဖြစ်သည်။

အမှန် (သို့မဟုတ်) အမှားအဖြေမှန်တစ်ခုကိုစက်ဝိုင်းခတ်ပါ။

၅၊ ၆။ မှန် – မှား ဘုရားသခင်သည် တိုင်းနိုင်ငံတို့၏အဖြစ်မှန်ကို မှန်ကန်စွာပြောနိုင်လျှင် ကျွန်ုပ်တို့၏အသက်လမ်းကိုလည်း မှန်အောင်ပြုလုပ်ပေးနိုင်သည်။

**နှလုံးသားမေးခွန်း**

ခရစ်တော်သည် မကြာမီသူ၏နိုင်ငံတော်ကိုတည်ထောင်မည်ဖြစ်သောကြောင့် သင်၏ဆန္ဒအတိုင်း ခရစ်တော်အား သင်၏အသက်တာကိုလမ်းညွှန်ရန် တောင်းဆိုလိုပါသလား။

–ဝ–

**ထင်ရှားသေသပ်စွာရေးပါ**

**အမည်**------------------------------

**လမ်းနှင့်အိမ်အမှတ်**----------------------

**မြို့**---------------------------------

**နယ်**--------------------------------

**ကိုးကွယ်သည့်ဘာသာ**--------------------


စိတ္တသုခရှာဖွေခြင်း (၇)

ဓမ္မဒါန

စာမူခွင့်ပြုချက်အမှတ် ၄၉၄/၂၀၀၃ (၈)

ထုတ်ဝေသူ။ ဦးဆန်ဒီ၊ ယာယီမှတ်ပုံတင်အမှတ် (၄၄၉) စိတ္တသုခရှာဖွေခြင်း၊ (အမှတ်စဉ်ထုတ်) ၆၈/၇၂ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့

ပုံနှိပ်သူ။ ဦးစိုင်းရပ်စ်၊ မှတ်ပုံတင်အမှတ် (၀၂၈၃၀) ကင်းစောင့်ပုံနှိပ်တိုက်၊ အမှတ် ၂၀၆ ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

(စောင်ရေ ၅၀၀၀၊ ပထမအကြိမ်)